ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၅၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကျန်းမာရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ပြည်သူ့ငွေစာရင်းကော်မတီ အစည်း အဝေး။ ဦးငွေးရယ်၊ ကယား(၇)၊ ပြည်သူ့ငွေစာရင်းကော်မတီအစည်းအဝေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ၎င်းအတိုင်း။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ၎င်းအတိုင်း။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ ၎င်း အတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ၎င်းအတိုင်း။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ၎င်းအတိုင်း။ ဦးနု၊ ရန်ကုန်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆမ်ကျောက်ဆမ်၊ ရှမ်း(၆)၊ ၎င်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ၎င်း အတိုင်း။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးတင်ရှန်၊ တန်သာရီ (၆)၊ ကျန်းမာရေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်(ခေါ်)ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မက်မန်းမြို့ အခြေခံပညာအထက်တန်း ကျောင်းတွင် ဖွဲ့စည်းပုံအရ လိုအပ်လျက်ရှိသော အထက်တန်းပြ ရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားပေးရန်နှင့် ပညာရေး ဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံများ၊ သန့်စင်ခန်းများကို အမြန်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် က မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဖွဲ့စည်းပုံအရ လိုအပ်လျက်ရှိသော အထက်တန်းပြရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားပေးရန်နှင့် ပညာရေးဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံများ၊ သန့်စင်ခန်းများကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်များ အားလုံးကိုလည်း မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝတရားနှင့်အတူ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ 'ဝ'ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းရှိ မက်မန်းမြို့နယ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တောရွာလေး တစ်ရွာသာ ဖြစ်ပြီးတော့ န.ဝ.တ အစိုးရရဲ့ လက်ထက် နောက်ပိုင်းတွင် ခရိုင်ရုံးစိုက်ရာမြို့အဖြစ် တည်ဆောက်တဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ယခင်အခါက ခေတ်အဆက်ဆက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအားလုံး အစိုးရအဆင့်ဆင့်က ဆောင်ရွက်ပေးရန် မေ့ကျန်ခဲ့တဲ့ မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ န.ဝ.တ အစိုးရ စတင်ပြီးတော့ နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စ ဆောင်ရွက်တဲ့အချိန်ကနေ စပြီးတော့ ဒီမြို့နယ်များကို အခြားမြို့နယ်များ ခံစားခွင့်ရှိတဲ့ လူမှုရေး၊ ကျန်းမာရေးကိစ္စကို ဆောင်ရွက်ပေးသည့် အထိုက်အလျောက်ကိစ္စမှာ ခံစားခဲ့ရပါတယ်။ အဲဒီအတွက်ကြောင့် ဒီ န.ဝ.တ အစိုးရ လက်ထက်မှာ ဒီ ပညာရေးအပိုင်းကို တင်ပြရမယ်ဆိုရင် အထက်တန်းကျောင်းတစ်ကျောင်းအဖြစ် မက်မန်းမြို့မှာ ဖြစ်ပေါ်လာပြီးတော့ မူလတန်းကျောင်းတွေကိုလည်း အထိုက်အလျောက် ဆောက်လုပ် ပြဋ္ဌာန်းသင်ကြားစေခဲ့ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီ မြို့နယ်ရဲ့ ကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်လာရတဲ့ အချိန်မှာ ဒီမြို့နယ်ရဲ့ အခြေအနေအားလုံးကို လေ့လာသိရှိရသမျှ ဒီကျောင်းနဲ့ပတ်သက်ပြီးတော့ န.ဝ.တ အစိုးရက အထက်တန်းကျောင်းအဖြစ် စတင်တည်ထောင်တဲ့ အချိန်ကစပြီးတော့ ၂၀၁၀ ခုနှစ်အထိ ကျောင်းသူ/ကျောင်းသားများ အောင်ချက်က (၂၀)ရာခိုင်နှုန်းလောက်တော့ (၁၀)တန်းစာမေးပွဲ ဖြေဆို အောင်မြင်နိုင်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ကနေစပြီးတော့ ဒီ ပညာရေးသင်ကြားမှုအပိုင်းက တဖြည်းဖြည်း နိမ့်ဆင်းလာပြီး အဲဒီ ၂၀၁၃-၂၀၁၄ ခုနှစ်အချိန်မှာ (၁၀)တန်းအောင်တဲ့ ကျောင်းသားတစ်ယောက်မျှပင် မရှိတော့ခဲ့ပါဘူး။

အဲဒီလိုဖြစ်ရတဲ့အကြောင်းအရင်းဟာ လေ့လာကြည့်တဲ့အခါ ၂၀၁၃ -၂၀၁၄ ခုနှစ်အတွင်း ပညာရေးအနေနဲ့ အထက်တန်းပြဆရာတွေကို အလုံအလောက် ရောက်ရှိနိုင်ခြင်းမရှိတဲ့အတွက် ကြောင့်မို့လို့ ဖြစ်တယ်။ အဲဒီနှစ်မှာလည်းပဲ ဒီအထက်တန်းပြဆရာ အနေနဲ့ဆိုရင် ဆရာ/ဆရာမ(၂)ဦးနဲ့ ကျောင်းအုပ်ကြီး(၁)ဦးသာ (၁၀)တန်း ကျောင်းသူ/ကျောင်းသားတွေကို သင်ကြားပေးခဲ့ရပါတယ်။ အဲဒ့ီအချိန်မှာလည်းပဲ ဒီအထက်တန်းပြဆရာ/ဆရာမ စုစုပေါင်း ကျောင်းအုပ်အပါအဝင် (၃)ယောက် သာ ရှိတဲ့အတွက်ကြောင့် မူလတန်းဆရာမကပင် ဒီ အထက်တန်း၊ (၁၀)တန်းကို ဒီသင်္ချာအပိုင်းမှာ တတ်နိုင်သရွေ့ သင်ကြားပို့ချပေးခဲ့ရတယ်ဆိုတာကိုလည်း ကျောင်းအုပ်ကြီးရဲ့ တင်ပြဆွေးနွေးချက် အရ သိရှိရပါတယ်။ ဒီလို ကျောင်းစာများကို သင်ကြားပေးတဲ့ အထက်တန်း ဆရာ/ဆရာမများမရှိမှု အခြေအနေအပေါ်မှာ မူတည်ပြီးတော့ ကျောင်းအုပ်ကြီးကလည်း အကြိမ်ကြိမ် တင်ပြခဲ့သော်လည်း ထပ်မံပြီးတော့ ဒီ သင်ကြားပို့ချပေးဖို့ ကျောင်းဆရာ/ဆရာမများ (၁)နှစ်လုံးလုံးကိုပင် မရောက်ရှိခဲ့ ရပါဘူး။ အဲဒီတော့ နောက်ပိုင်းကျတော့ ဒီကိစ္စကို ကိုယ်စားလှယ်အနေနဲ့ ပညာရေး ဝန်ကြီးဌာနကို လည်း အလွတ်သဘောအားဖြင့် ကြုံတွေ့တဲ့အချိန်လည်း တင်ပြလာပါတယ်။ တင်ပြခဲ့တဲ့ အချိန်မှာ ပညာရေးဝန်ကြီးကလည်းပဲ ဆောင်ရွက်ပေးပါ့မယ်ဆိုပြီးမှ ဖြေကြားခဲ့ပါတယ်။ ဖြေကြားသည့် အားလျော်စွာ ဒီ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အထက်တန်းပြဆရာ(၅)ဦးလောက်တော့ ဖြည့်စွက်လာတာကို သိရှိရပါတယ်။

အဲဒီကျောင်းရဲ့ ဖွဲ့စည်းပုံ အခြေအနေအရဆိုရင် (၁၂)ယောက်လောက် အထက်တန်းပြ ဆရာ/ဆရာမ သင်ကြားပေးပါမှ ဒီကျောင်းအတွက် ပညာသင်ကြားတဲ့ အခန်းကဏ္ဍက လုံလောက်မှုရှိ တယ်လို့ ဒီလိုသိရှိရတယ်။ ဒါကြောင့်မို့လို့ ဒီနှစ်လည်းပဲ အကယ်၍ ဒီအတိုင်းဆက်သွားမယ်ဆိုရင် ကျောင်းသားများအနေနဲ့ ဒီ (၁၀)တန်းစာမေးပွဲကို အောင်မြင်တဲ့အထိ ဖြေဆိုနိုင်မယ့် အခြေအနေမရှိ ဘူးလို့ သုံးသပ်ရပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းကို ကျောင်းသူ/ကျောင်းသားများ ပညာရေးကို အပြည့်အဝ သင်ကြားခွင့်ရရှိရေးအတွက် အထက်တန်းပြ ဆရာ/ဆရာမများ ဖွဲ့စည်းပုံရှိသည့်အတိုင်း အမြန်ဆုံး ဖြည့်စွက်ပေးဖို့ တင်ပြလိုပါတယ်။

ဒုတိယပိုင်းအနေနဲ့ ဒီကျောင်းမှာလည်းပဲ ဒီကျောင်းမှာ အဲဒီမှာရောက်ရှိနေတဲ့ ဝန်ထမ်းတွေ က နေထိုင်ဖို့၊ အိပ်ဖို့၊ ချက်စားဖို့ နေရာပင် မရှိတာကို တွေ့ရှိရပါတယ်။ ကျောင်းကတော့ လုံလောက်မှု ကျောင်းစာသင်ခန်းတွေကတော့ လုံလောက်တယ်။ သို့သော် ဝန်ထမ်းဆရာ/ဆရာမတွေလည်းပဲ နေထိုင်ရန် အဆောက်အဦမရှိတဲ့အတွက်ကြောင့် အဲဒီမှာလာရောက်ပြီးတော့ နေထိုင်ဖို့လည်း အခက် အခဲတွေလည်း ရှိတာကို တွေ့ရှိရတယ်။ ခုက ကျောင်းက ကျောင်းဆရာ/ဆရာမတွေ မလာရောက်တာ လည်းပဲ ဒီကိစ္စကြောင့်လည်း အကြောင်းတစ်ခုအနေနဲ့ပါတယ်လို့ သုံးသပ်မိပါတယ်။ အဲဒီတော့ ဒီ ပညာရေးဝန်ကြီးဌာန အနေနဲ့ ဝေးလံခေါင်သီတဲ့ အရပ်ဒေသမှာရှိတဲ့ ဆရာ/ဆရာမ၊ တည်းခိုခန်းပင် မရှိတဲ့ နေရာဒေသ ဖြစ်တဲ့အတွက်ကြောင့် အဆောက်အဦရရှိဖို့ရန် အမြန်ဆုံး ဖြည့်စွက် ကူညီ ဆောင်ရွက်ပေးဖို့ တင်ပြလိုပါတယ်။

တတိယပိုင်းအနေနဲ့ ဒီ ကျောင်းဝင်းရဲ့ ပရဝုဏ်အတွင်းမှာလည်းပဲ ကျွဲ၊ နွား တိရစ္ဆာန်တွေ၊ ဝက် တွေပင် အဲဒီကျောင်းဝင်းထဲ ရောက်လာပြီးတော့ ဒီ အညစ်အကြေးတွေကိုလည်း စွန့်တယ်။ စွန့်တော့ မိုးရွာတဲ့အချိန်မှာ ဒါတွေ စွတ်စိုပြီးတော့ နေပူလာတဲ့အချိန်မှာ ဒီအနံ့တွေက ထွက်လာတဲ့အချိန်မှာ

ကျောင်းမှာလည်းပဲ ကျန်းမာရေးအလွန်ထိခိုက်တာကို ကိုယ်စားလှယ်ကိုယ်တိုင်က လေ့လာ တွေ့ရှိရပါတယ်။

အဲဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ခေတ်အဆက်ဆက်က ပညာရေးနောက်ကျပြီးတော့ ဒီနေ့ ခေတ်အခါ ရောက်လာတဲ့အချိန်မှာ န.ဝ.တ အစိုးရ တည်ဆောက်ပေးခဲ့သည့် အခြေခံကို ဆက်လက်ပြီးတော့ ဒီထက်တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမှာက ဒီကနေ့ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များရဲ့ တာဝန်ပင်ဖြစ်ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး အနေနဲ့ ကျွန်တော် မက်မန်းမြို့နယ်သူ၊ မြို့နယ်သားကိုယ်စား မေးမြန်းလိုအပ်တဲ့အချက်က (က) မက်မန်းမြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် အခြေခံပညာအထက်တန်း ဆရာ/ဆရာမများနှင့် Multi Media ဘာသာရပ်သင်ကြားတဲ့ ဆရာတစ်ဦးကို ကျောင်းဖွဲ့စည်းပုံအတိုင်း ယခု ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း အချိန်မီအမြန်ဆုံး ဖြည့်စွက်ပေးနိုင်ရန် အခြေအနေ ရှိ/မရှိ။ ဒုတိယအချက်အနေနဲ့ ဆရာ/ဆရာမများ နေထိုင်ရာ အဆောက်အဦများကို အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၃) ကျောင်း ကျန်းမာရေးနဲ့ ကျောင်းဝင်းသန့်ရှင်းရေးအတွက် ရေအိမ် မိလ္လာအိမ်သာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဘူးသီးတောင် မြို့နယ်၊ စံညင်းဝေ(ခမီး) ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပြီး ဆရာများခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း က ဘူးသီးတောင်မြို့နယ်၊ စံညင်းဝေ(ခမီး)ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပြီး ဆရာများခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ်ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဘူးသီးတောင်မြို့နယ်၊ စံညင်းဝေအုပ်စု၊ စံညင်းဝေ(ခမီး)ရွာတွင် အ.မ.ကကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို စိုင်းတင်တောင်တန်းဒေသ၊ တောင်ပေါ်နေ လူတန်းစားများဖြစ်တဲ့ တောင်ပေါ်နေပြည်သူများ၏ကိုယ်စား ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။ စံညင်းဝေ(ခမီး)ရွာဟာ ဘူးသီးတောင်မြို့နယ် အရှေ့ဘက် စိုင်းတင်ဒေသ တောင်ပေါ်များမှာ ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ထိုကျေးရွာအနီးတဝိုက်မှာလည်း ကျေးရွာ (၄)၊ (၅)ရွာတည်ရှိပါတယ်။ အဆိုပါကျေးရွာသို့ ဒေသခံမဟုတ်သူများ သွားလာရန်လည်း အလွန်ခက်ခဲပါတယ်။

တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သောလမ်းဟူ၍လည်း သီးခြားမရှိပါ။ တောတောင်နှင့် ရေစီးချောင်းတွေကို ခက်ခဲစွာ ကျော်လွှားဖြတ်သန်းသွားလာမှသာ ရောက်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။

ထို့ကြောင့် ဖော်ပြပါကျေးရွာများသို့ မြို့နယ်မှ ဒေသခံမဟုတ်သော ဆရာ/ဆရာမများ သွားလာနေထိုင်ရန်လည်း အလွန်ခက်ခဲသော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ကျေးရွာသားများဟာ တောင်ယာကိုသာ အားထားကာ အသက်မွေးဝမ်းကျောင်းနေရပါ၍ စီးပွားရေး အနေဖြင့် လုံးဝမကောင်းသည့်အပြင် စာပေ၊ အတန်းအောင်သူများလည်း လုံးဝမရှိသလောက် ဖြစ်ပါတယ်။ ထို့ကြောင့် ကျေးရွာသားများ အနေဖြင့် မိမိတို့၏ သား/သမီးများ စာတတ်မြောက်စေရန် ဆန္ဒဖြင့် သစ်၊ ဝါး၊ ဓနိတို့ဖြင့် ကိုယ်ထူကိုယ်ထကျောင်းဆောင်လေးတစ်ဆောင် ဆောက်လုပ်ကာ ဆရာ/ဆရာမများကို နှစ်စဉ်ငှားရမ်း၍ စာပေသင်ကြားလျက်ရှိကြပါတယ်။ စံညင်းဝေတစ်ရွာတည်းမှာဆိုရင် ကျောင်းသား(၅၁)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အနီးပတ်ဝန်းကျင်ကျေးရွာမှ ကျောင်းသားများနဲ့ပေါင်းရင် (၁၀၀)ကျော်လောက်ရှိပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ပညာရေးဌာနသို့ လျှောက်လွှာတစ်စောင်၊ ကျောင်းခေတ်ပုံ၊ မိဘများ၏ ထိုးမြဲလက်မှတ်ကို ဝန်ကြီးဌာနသို့ မေးခွန်းနဲ့အတူ ပူးတွဲတင်ပြထားရှိပါတယ်။ အထက်ပါကဲ့သို့ ပညာရေးအတွက် ဆရာများ နှစ်စဉ်ငှားရမ်းနေရမည်ဆိုပါက ရေရှည်တွင် လုံးဝဖြစ်နိုင်မည်မဟုတ်ပါ။ စီးပွားရေးမှာ ယခုအနေအထားထက် ကြပ်တည်းသည့် နှစ်များမှာ ဆရာငှားရမ်းမည်မဟုတ်သဖြင့် ကျောင်းသားများ ပညာတစ်ပိုင်းတစ်စဖြင့် စာပေသင်ကြားမှု ပျက်ယွင်းသွားမှာ ဖြစ်ပါတယ်။ ကျောင်းသားမိဘကလည်း မြို့နယ်ကိုသွားပြီးတော့ မေးမြန်းရာ စံညင်းဝေ(ခမီး)ရွာတွင် နိုင်ငံတော်အစိုးရမှ ကျောင်းဖွင့်လှစ်ထားရှိခြင်း မရှိကြောင်း ပြောကြားပါတယ်။ ထိုကြောင့် ကျောင်းဖွင့်လှစ်ရရှိရေးအတွက် ပညာရေးဌာနမှလည်း တင်ပြထားရှိသည်ကို သိရှိရပါတယ်။

သို့ဖြစ်ပါ၍ စံညင်းဝေ(ခမီး)ရွာတွင် မူလတန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပြီး ဆရာများခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ အားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ပဏာမ ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ဒေါက်တာဇော်မင်းအောင် က ပထမဦးစွာ ရှမ်းပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဆိုင်ပေါင်းနပ် ရဲ့ မက်မန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းမှာ ဖွဲ့စည်းပုံ

အရ လိုအပ်လျက်ရှိသော အထက်တန်းပြ ရာထူးနေရာများမှာ ဖြည့်စွက်ခန့်ထားပေးရန်နှင့် ပညာရေး ဝန်ထမ်းများ နေထိုင်ရန် အဆောက်အဦများ၊ သန့်စင်ခန်းများကို အမြန်ဆုံး ဖြည့်စွက် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ် မက်မန်းမြို့နယ်၊ မက်မန်း အခြေခံပညာ အထက်တန်းကျောင်းမှာ အထက်တန်း ကျောင်းသား/ကျောင်းသူ ဦးရေကို စိစစ်ကြည့်တဲ့အခါမှာ (၂၇)ဦး ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးလည်း တင်ပြသွားပြီး ဖြစ်ပါတယ်။ အဆိုပါ ကျောင်းမှာ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ အထက်တန်းပြ ဆရာ/ဆရာမ (၅)ဦးရှိတယ်။ ဒါလည်း ကျွန်တော်တို့ မြေပြင်အခြေအနေမှာ စိစစ်တဲ့အခါမှာ (၅)ဦး တွေ့ရှိရပါတယ်။ အဲဒီအပြင် ဘာတွေကို ခန့်အပ်ထားသလဲဆိုရင် နေ့စားလပေး မူလတန်းပြထဲမှာ မဟာဘွဲ့ရ (၅)ဦးကို ဖြည့်စွက် ခန့်ထားပေးပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်တန်းပြကို သင်နိုင်တဲ့ ဆရာ/ဆရာမ အရေအတွက်ဟာ (၁၀)ဦးခန့် ရှိနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမဟာဘွဲ့ရတွေဟာ အထက်တန်းကိုလည်း သင်နိုင်တဲ့ အနေအထားမျိုး ရှိပါတယ်။ ဒါက ဒီကျောင်းတင် မဟုတ်ပါဘူး။ ကျန်တဲ့နေရာမှာလည်း အထက်တန်းပြ လိုအပ်ချက်လည်း ရှိတဲ့အတွက် အောက်တိုဘာလ ၁ ရက်နေ့ အမီမှာ အားလုံးကို ဖြည့်ဆည်းနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိကြောင်းလည်း ဒီနေရာမှာ ဖြည့်စွက် တင်ပြလိုပါတယ်။ အဲဒီတော့ ပြန်ပြီးတော့ ဆရာ/ဆရာမ လိုအပ်ချက် ပထမပိုင်းကို ပြန်ပြီးတော့ တင်ပြရရင် လက်ရှိအနေအထားမှာတော့ အထက်တန်း ပညာများကို သင်ကြားပေးနိုင်တဲ့ ဆရာ/ဆရာမ (၁၀)ဦးခန့် ရှိနေပြီဖြစ်တဲ့အတွက် လုံလောက်ပြီလို့ ဆိုနိုင်ပါတယ်။ နောက်တစ်ခါ လိုအပ်တဲ့ Multi Media ဘာသာရပ် သင်ကြားရေး ဆရာ/ဆရာမ ခန့်ထားနိုင်ရေးကို ပြန်စိစစ်တဲ့ အခါကျတော့ သင်တန်းဆင်းပြီးတော့ ဒီကျောင်းကို ဆန္ဒပြု လျှောက်ထားတဲ့လူ မရှိသေးပါဘူး။ ဒါကြောင့် ခန့်ထားနိုင်ခြင်း မရှိသေးပါဘူး။ ဒါပေမဲ့ Multi Media သင်တန်းဆင်းတွေ ဆက်ပြီးတော့ ဆင်းဖို့ ရှိပါတယ်။ အဲဒီထဲမှာ ဆင်းတဲ့လူတွေက ခန့်ထားခဲ့ရမယ်ဆိုရင် ရှမ်းပြည်နယ် အရှေ့ပိုင်း ကိုယ်စားပြု သင်တန်းဆင်းများ ပါရှိလာတဲ့အပေါ်မှာ စိစစ်ခန့်ထားပေးသွားမှာ ဖြစ်ပါကြောင်း ကိုယ်စားလှယ်တော်ကြီးရဲ့ ပထမ ပိုင်းမေးခွန်းကို ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဒုတိယပိုင်းမေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် ဒါ ဆရာ/ဆရာမတွေရဲ့ နေအိမ် စသည်ဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတာနဲ့ စပ်လျဉ်းပြီး ပြောပါတယ်။ အဲဒီမှာလည်း ကိုယ်စားလှယ်တော်ကြီးက စာသင်ဆောင်တော့ ဒါ လုံလောက်မှုရှိပါတယ်လို့လည်း ခုန တင်ပြသွားခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အားလုံးဟာ သူ့ရဲ့ ဦးစားပေး အစီအစဉ် တွေ ဆောင်ရွက်ရတဲ့အတွက် စာသင်ခန်းကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေအောက်မှာ RC တစ်ထပ် (၄၈.၆)သန်းဖိုး ကျွန်တော်တို့ လျာထားတင်ပြပြီး ဖြစ်ပါတယ်။ အဲဒီတော့ စာသင်ဆောင်တွေ ထပ်မလိုဘူးဆိုလည်း ဒါကတော့ Multi Purpose လို့ခေါ်တဲ့ လောလောဆယ်အနေအားဖြင့် သင့်တော်သလို သုံးစွဲလို့ ရပါတယ်။ ဒါ ကျောင်းသားဦးရေ များလာတဲ့ အခါမှာ ဒီဟာကို စာသင်ဆောင်အဖြစ် ပြန်လည်အသုံးပြုလို့ ရရှိနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ စာသင်ဆောင်တစ်ဆောင် လျာထားပြီးဖြစ်တဲ့အတွက် ဆရာ/ဆရာမများနဲ့ ဝန်ထမ်းများ နေထိုင်ရာ သီးခြားအဆောက်အအုံ ဆောက်လုပ်ပေးဖို့ အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်

ပါတယ်။ တတိယပိုင်း သန့်စင်ခန်းများနဲ့ပတ်သက်ပြီးတော့ မက်မန်း အခြေခံပညာအထက်တန်းကျောင်းမှာ ရေလောင်းအိမ်သာ ဆောက်လုပ်ပေးဖို့ လိုအပ်တာ စိစစ် တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ယခုနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေစာရင်းခေါင်းစဉ် အတိအကျ ပြောရမယ်ဆိုရင် 04-009 အခြားရန်ပုံငွေ ခေါင်းစဉ်အောက်မှ ခွဲဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယအနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမောင်အေးထွန်း ရဲ့ ဘူးသီးတောင်မြို့နယ်၊ စံညင်းဝေ(ခမီး) ကျေးရွာမှာ မူလတန်းစာသင်ကျောင်း တစ်ကျောင်း ဖွင့်လှစ်ပြီးတော့ ဆရာ/ဆရာမများခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးရော ပြည်နယ်များပါ ကျွန်တော်တို့ ကျောင်းအဆင့်တိုးခြင်း လုပ်ငန်းများကို နှစ်စဉ် အလိုက် ပညာသင်နှစ်အလိုက် အဆင့်တိုးမြှင့်ဖို့ ရှိပါတယ်။ နောက်ပြီးတော့ ဘယ်လောက် အဆင့်တိုးမြှင့်ပေးသလဲ ဆိုတာကိုတော့ နောက်ဆိုရင်တော့ ရာခိုင်နှုန်းများနှင့်တကွ တင်ပြသွားဖို့ အစီအစဉ် ရှိပါတယ်။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်မှာ ကျောင်းတွေ ဘယ်လောက် ဖွင့်လှစ် ပေးခဲ့ပြီး ဖြစ်ပါသလဲဆိုတာလေး တင်ပြခွင့်ပြုပါခင်ဗျား။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာ အထက်တန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၆)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၇)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၄)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း(၆၅)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၁၄၄)ကျောင်းနဲ့ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)(၂)ကျောင်း၊ စုစုပေါင်း (၂၃၁)ကျောင်း ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ဖြစ်ပါတယ်။

ယခု ၂၀၁၄-၂၀၁၅ ပညာသင် နှစ်မှာလည်း ထပ်မံပြီးတော့ အခြေခံပညာ အထက်တန်းကျောင်းခွဲ (၁)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(၂)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၉)ကျောင်းနှင့် အခြေခံ ပညာ မူလတန်းကျောင်း (၁)ကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း(ခွဲ) (၅)ကျောင်း စုစုပေါင်း (၁၈)ကျောင်းတို့ကိုလည်း ကျွန်တော်တို့ ဖွင့်လှစ်ခွင့်ပြုထားခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ စဉ်းစားတဲ့အခါမှာတော့ နိုင်ငံတစ်ခုလုံးကို လွှမ်းခြုံပြီး စဉ်းစားရတာ ဖြစ်တယ်။ ပြီးတဲ့အခါမှာ ရရှိတဲ့အနေအထားနဲ့ အတတ်နိုင်ဆုံး အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြည့်စွက်ပြီး တင်ပြလိုပါတယ်။ နောက်တစ်ခါ School Mapping လို့ခေါ်တဲ့ ကျောင်း၊ ကျေးရွာတစ်ရွာနဲ့ တစ်ရွာ၊ မြို့နယ် တစ်မြို့နယ်ထဲမှာပဲ ဘယ်နေရာ မှာတော့ ကျောင်းတွေ ရှိသင့်တယ်ဆိုတဲ့ School Mapping လေး ကျွန်တော်တို့ဟာ အခု ရေးဆွဲ နေလျက်ရှိပါတယ်။ ဒါတွေ ရှိပြီဆိုရင် ကျွန်တော်တို့က သူ့ရဲ့ အကွာအဝေး စံချိန်စံညွှန်းများနဲ့ ကိုက်ညီအောင် ကျောင်းတွေ ဘယ်လောက်ဖွင့်လှစ်ရမလဲဆိုတဲ့ စနစ်တွေလည်း ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါတွေကလည်း ကျွန်တော်တို့ UNESCO ရဲ့ အကူအညီနဲ့ သုတေသန ဆောင်ရွက်လျက် ရှိပါကြောင်း ဒီနေရာမှာ ဖြည့်စွက်တင်ပြလိုပါတယ်။ အဲဒီတော့ ယခု ကိုယ်စားလှယ်တော်ကြီး တင်ပြ ထားတဲ့ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စံညင်းဝေ(ခမီး)ကျေးရွာ ကိုယ်ထူကိုယ်ထ မူလတန်း ကျောင်း ကို စိစစ်ကြည့်တဲ့အခါ ကိုယ်စားလှယ်တော်ကြီးကတော့ (၅၀)ခန့် ရှိတယ်လို့ ပြောပါတယ်။

ကျွန်တော်တို့ မြေပြင်မှာ ဆန်းစစ်ကြည့်တဲ့ အခါကျတော့ သူငယ်တန်းက (၂၀)ဦး၊ ပထမတန်းက (၆)ဦး၊ ဒုတိယတန်း (၄)ဦး၊ တတိယတန်း(၇)ဦးနဲ့ စတုတ္ထတန်း (၅)ဦး၊ စုစုပေါင်း မူလတန်းအဆင့်တင် ကျောင်းသား ဦးရေဟာ (၄၂)ဦး ရှိပါတယ်။ ဒါကြောင့်မို့လို့ (၅၀)ဦးခန့်ရှိတယ်လို့ ပြောတယ်လည်း မမှားနိုင်ဘူးပေါ့။ ဒါပေမဲ့ ကျေးရွာအနီးအနားမှာလည်း (၄၊ ၅)ရွာ ရှိတယ်ဆိုတဲ့ ဟာတော့ လက်ရှိအနေအထားမှာ ဒီကျောင်းမှာ လာတက်တဲ့ အနေအထားတော့ မတွေ့ရသေးဘူး ဆိုတာလေး ဒီနေရာမှာ ဖြည့်စွက်ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ အရင်လည်း တင်ပြခဲ့ပြီး ဖြစ်တဲ့အတိုင်း ကျောင်းအဆင့် တိုးမြှင့်ပေးတဲ့ဟာတွေကတော့ ကျွန်တော်တို့ မူတွေ ရှိပါတယ်။

သို့သော်လည်းပဲ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာ၊ ဒေသန္တရအခြေအနေတွေ၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ လိုအပ်ချက်များပေါ်မှာ မူတည်ပြီးတော့ သတ်မှတ်ထားတဲ့ မူဝါဒတွေကိုလည်း အထူးကိစ္စအဖြစ် ဖြေလျှော့ပြီးတော့ ကျောင်းအဆင့် တိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီတော့ အထူးကိစ္စတစ်ရပ်အနေနဲ့ ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးခြင်းလုပ်ငန်းများကိုတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ်အစိုးရများက လမ်းပန်းဆက်သွယ်မှု ခက်ခဲမှု၊ ဒေသန္တရ အခြေအနေ၊ ဒါတွေ ဒေသဖွံ့ဖြိုးမှုတိုးတက်ရေး စတဲ့အခြေအနေကိုသိတဲ့ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေရဲ့ သဘောထားမှတ်ချက် ဒါ လိုအပ်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး ဒီမှာဆိုရင်တော့ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ပေးသင့်ကြောင်း သဘောထားမှတ်ချက် ပြုလာပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ ကျောင်းအဆင့်တိုး တန်းစီ ဇယားမှာ ထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးများကိုလည်း ကျွန်တော်တို့က စိစစ်တဲ့အခါမှာ ဒီစာသင်နှစ် သင်ကြားသင်ယူမှုတွေ ခက်ခဲမှုမရှိအောင်အတွက် လာမည့်စာသင်နှစ် အမီ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ ဆိုရင်တော့ ဆောင်ရွက်တဲ့ အနေအထား ရှိပါတယ်။

ဒါ့ကြောင့်မိုလို့ ဒီလိုမျိုး သဘောထားမှတ်ချက်ပြုလာမယ်ဆိုရင်တော့ ကျွန်တော်တို့ ထည့်သွင်းလျာထား ပေးမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အစီအစဉ်တိုးမြှင့်ပေးဖို့မရှိပါဘူး နောက် ဆရာ/ဆရာမများ ခန့်ထားခြင်းဟာလည်း ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းတွေကို အခြေခံပညာမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့် ရရှိပြီးမှသာ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းအရ ဆရာဆရာမများအတွက် လစာပေးဖို့ ခန့်ထားနိုင်မှာဖြစ်တဲ့အတွက် ဒါတွေဟာလည်း အခြေခံပညာ မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ရပြီးမှသာလျှင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စက်မှုဇုန်မြေကွက်များတွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေသူ လုပ်ငန်းရှင်များမှ မြေကွက်ပါမစ် ရရှိထားသူများထံ ငှားရမ်းခဈေးကြီးမြင့်စွာပေးပြီး ငှားရမ်းဆောင်ရွက်နေရသည့်အပေါ် ဖြေရှင်းပေး နိုင်ခြင်း ရှိ/မရှိနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်လည်း စက်မှုဇုန် မြေဈေးကြီးမြင့်မှုသည် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံ ရာတွင် အဓိကအကျဆုံးသော အခက်အခဲဖြစ်နေသည့်အပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး က စက်မှုဇုန်မြေကွက်များတွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေသူ လုပ်ငန်းရှင် များမှ မြေကွက်ပါမစ် ရရှိထားသူများထံ ငှားရမ်းခ ဈေးကြီးမြင့်စွာပေးပြီး ငှားရမ်းဆောင်ရွက်နေရ သည့်အပေါ် ဖြေရှင်းပေးနိုင်ခြင်း ရှိ/မရှိနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်လည်း စက်မှုဇုန် မြေဈေး ကြီးမြင့်မှုသည် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရာတွင် အဓိကအကျဆုံးသော အခက်အခဲဖြစ် နေသည့်အပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ယနေ့ အစည်းအဝေးကို တက်ရောက်လာတဲ့ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ မေးမြန်းမယ့် မေးခွန်းကတော့ စက်မှုဇုန်မြေကွက်တွေမှာ အမှန်တကယ် လုပ်ငန်း လုပ်ကိုင် ဆောင်ရွက် နေတဲ့ လုပ်ငန်းရှင်တွေက မြေကွက်ပါမစ် ရရှိထားတဲ့သူတွေထံကနေပြီးတော့ ငှားရမ်းခ ဈေးကြီးမြင့်စွာ ပေးပြီးတော့ ငှားရမ်းဆောင်ရွက်နေရတာ ဒါက တစ်ပိုင်းပါခင်ဗျား။ နောက်တစ်ပိုင်း ကတော့ Foreign Investor တွေအနေနဲ့လည်း စက်မှုဇုန်မြေ ဈေးကြီးမြင့်မှုက မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုအတွက် လာရောက်ဖို့အတွက်က အခက်အခဲ အဟန့်အတားဖြစ်နေတဲ့အတွက် ဒီပေါ်မှာ ဖြေရှင်းဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ စက်မှုဇုန်တွေကို တိုင်းဒေသကြီးနဲ့ပြည်နယ် အသီးသီးမှာ အရေအတွက် တစ်ခုထိ ဖော်ထုတ်ပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ ဥက္ကဋ္ဌကြီးကို တင်ပြလိုတာကတော့ ကျွန်တော်တို့ အခု ဆောင်ရွက်လျက်ရှိတဲ့ သီလဝါ အထူးစီးပွားရေးဇုန်၊ နောက်တစ်ခါ ထားဝယ်အထူး စီးပွားရေးဇုန် ဒီလို စက်မှုဇုန်ကြီးများကို ဆိုလိုတာ မဟုတ်ပါဘူးခင်ဗျား။ လက်ရှိ ထူထောင်ပြီးသား ဖြစ်တဲ့စက်မှုဇုန်တွေမှာ ကြုံတွေ့နေရတဲ့ အခြေအနေကို တင်ပြလိုတာ ဖြစ်ပါတယ်။ ဒီဖော်ထုတ်ပြီး စက်မှုဇုန်တွေမှာ မြေကွက်ကို အမည်ပေါက် ရရှိပိုင်ဆိုင်ထားသူတွေဟာ အစိုးရအဆက်ဆက်က အစိုးရအဖွဲ့ဝင်တွေ ဒါမှမဟုတ်ရင် ရာထူးကြီးမြင့်တဲ့ ပုဂ္ဂိုလ်တွေရဲ့ မိသားစုဝင်တွေ သူတို့နဲ့ ဆက်နွယ် နေတဲ့ သူတွေနဲ့၊ နောက်တစ်မျိုးကတော့ မြေဈေး ကစားတဲ့သူတွေ ဖြစ်ပါတယ်။ မြေဈေး ကစားတဲ့ သူတွေကတော့ အမှန်တကယ် လုပ်ငန်းဆောင်ရွက်ဖို့ မဟုတ်ဘဲနဲ့ မြေတွေကို ဝယ်သိမ်းပြီးတော့ လှောင်တဲ့သဘောမျိုး ဈေးကစားတာ၊ ဆောင်ရွက်တာ ဖြစ်ပါတယ်။

လက်ရှိ မြေပြင်မှာလည်း စက်မှုဇုန်တွေမှာ ခြံခတ်ထားတဲ့ မြေကွက်လွတ်တွေ မြောက်မြားစွာ တွေ့နေရသေးပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား အလေးအနက် ပြုပြီးတော့ တင်ပြလိုတာကတော့ ဥက္ကဋ္ဌကြီး ပြည်ထောင်စုလွှတ်တော် နာယကကြီးအဖြစ် ဆောင်ရွက်တဲ့ အချိန်မှာ အလုပ်ရှင်၊ အလုပ်သမား အခွင့်အရေး လေ့လာရေးကော်မရှင်ကို ဖွဲ့စည်းပြီးတော့ တာဝန်ပေးခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ တာဝန် ပေးအပ်ချက်အရ ကျွန်တော်ကလည်း ကော်မရှင်အဖွဲ့ဝင် တစ်ဦးအနေနဲ့ လှိုင်သာယာ စက်မှုဇုန် တွေကို တော်တော်ကို ကွင်းဆင်းပြီး လေ့လာခဲ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအခါမှာလည်း ကိုယ်စားလှယ်တော်ကြီး ဦးဆွေအောင် တို့လည်း ပါ ပါတယ်။ ဒီထဲမှာ အခြား အခြားသော ပုဂ္ဂိုလ်ကြီး များလည်း အများကြီး ပါ ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းရှင်တွေဖက်က အဓိက တင်ပြတဲ့ အခက်အခဲ နှစ်ရပ်မှာ ဒါပါပဲ။ (၁)ကတော့ လျှပ်စစ်မီးရရှိမှု အနေအထား ဖြစ်ပါတယ်။ နောက်တစ်ခုက ကျတော့ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေဟာ သူတို့က ဒီနေရာတွေကို ငှားပြီးတော့ လုပ်နေရတာပါခင်ဗျား။ အဲဒီဘေးပတ်လည်မှာလည်း မြေကွက်လွတ်တွေက ရှိနေသေးတယ်။ ဈေးတွေက ခေါင်ခိုက်နေတဲ့အခါကျတော့ လုပ်ငန်းလည်း တိုးချဲ့လို့ မရဘူး။ ဘယ်လိုမှလည်း ဆောင်ရွက်လို့ မရဘူး။ နောက် တစ်နှစ်ထက် တစ်နှစ် ငှားရမ်းတဲ့ စရိတ်တွေက ကြီးမြင့်လာတဲ့အခါမှာ တစ်ဖက်ကိုကျတော့ ဘယ်လိုသွားထိခိုက်လဲဆိုတော့ လုပ်ခလစာဖက်မှာ အခက်အခဲသွားတွေ့တဲ့ သဘောပါ။ ဒါ အလုပ်သမား ကိုယ်စားလှယ်တွေဖက်ကလည်း ဒါကို တင်ပြပါတယ်။ ဟုတ်ပါတယ်၊ ဒီလိုမျိုးပေါ့နော်၊ စက်မှုဇုန်တွေမှာ တကယ်လည်း လုပ်ကိုင်လိုတဲ့သူတွေ အမှန်တကယ် လုပ်ကိုင် ဆောင်ရွက်ခွင့် ရရင် ဒါကလည်း အလုပ်ရှင် အလုပ်သမားကြားမှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေဟာ ဒါ ထိုက်သင့်သလောက် ဖြေရှင်းမှု ပြေလည်မှု ရှိနိုင်တယ်။ ဒါကလည်း အရေးပါတဲ့ အဓိက အချက် တစ်ချက် ဖြစ်တယ်ဆိုတာ အလုပ်ရှင်များဖက်ကရော၊ အလုပ်သမား ကိုယ်စားလှယ်များ ဖက်ကရော ဒါကို တင်ပြခဲ့တာ ရှိပါတယ်။ အခု လက်တွေ့အနေအထားမှာတော့ လုပ်ငန်းရှင် အများစုပါ ခင်ဗျား။ အများစုကြီးက ပိုင်ဆိုင်မှု ရှိထားတဲ့ သူတွေဆီကနေပြီးတော့ပဲ မြင့်မားတဲ့ ဈေးနှုန်းတွေနဲ့ ငှားရမ်းပြီး လုပ်ကိုင်နေရပါတယ်။ အဲဒီတော့ အရင်းအနှီးတွေ ကြီးနေပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံ တွေမှာဆိုရင် စက်မှုဇုန်မြေကွက်တွေကို အမေရိကန်ဒေါ်လာနဲ့ ပြန်ပြီးချိန်ထိုး ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ငှားရမ်းရတဲ့ ဈေးနှုန်းတွေက ဒေါ်လာ သောင်း တောင် မကပါဘူး ခင်ဗျား။ တချို့ သိန်းချီပြီးတော့ကို တန်ကြေးရှိနေတာမျိုးတွေ ဖြစ်နေပါတယ်။

အဲဒီတော့ မြန်မာနိုင်ငံမှာလည်း စက်မှုဇုန်မြေကွက်တွေရဲ့ ကာလပေါက်ဈေးနဲ့ ငှားရမ်းတဲ့ နှုန်းထားဟာ အရှေ့တောင်အာရှနိုင်ငံတွေမှာ အမြင့်ဆုံး ဖြစ်နေပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံတဲ့ သူတွေအနေနဲ့ကတော့ သူတို့က နည်းပညာ ယူလာမယ်၊ စက်ပစ္စည်းတွေ ယူလာမယ်။ ဒါပေမဲ့ စက်ရုံ အလုပ်ရုံ တည်ဆောက်ရမယ့် မြေဈေးပေါ်မှာတော့ ထိုက်သင့်တဲ့ နှုန်းထားတစ်ခုနဲ့တော့ သူတို့ ဆောင်ရွက်လိုပါတယ်။ မတန်တဆ ကြီးမြင့်နေတဲ့ ဈေးနှုန်းပေါ်မှာတော့ သူတို့ ဆောင်ရွက် လိုခြင်း မရှိပါဘူး။ ဒါကြောင့်မို့လို့ လူ့စွမ်းအား အရင်းအမြစ်တွေ၊ သယံဇာတအရင်းအမြစ်တွေ ဘယ်လိုပင် ပေါကြွယ်သော်ငြားလည်း မြေဈေးနှုန်း ကြီးမြင့်နေတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုမှာ အဟန့်အတား ဖြစ်နေပါသေးတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒီနေရာမှာ JETRO လို့ ခေါ်တဲ့ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့ ရန်ကုန်ရုံးခွဲက ပြီးခဲ့တဲ့ တစ်ပတ်လောက်မှာ Announcement တစ်ခု ထုတ်ပါတယ်။ အဲဒီထဲမှာ ဘာပါလဲဆိုတော့ ဂျပန်နိုင်ငံ ကနေပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီဟာ ၂၀၁၂ ခုနှစ် မေလတုန်းက (၅၃)ခုပဲ ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ (၁၈၅)ဦးထိ တိုးတက်လာပါတယ်။ ဒါပေမဲ့ မြေနေရာ အခက်အခဲကြောင့်မို့လို့ သူတို့ဟာ Production ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေ မဆောင်ရွက်နိုင်ဘူး။ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်များပြားစေနိုင်တဲ့ အထည်ချုပ် လုပ်ငန်းလို CMP လုပ်ငန်းမျိုးတွေ လုပ်ချင်တယ်၊ ထူထောင်ချင်တယ်။ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိပါဘူးတဲ့၊ ကုမ္ပဏီ (၁၀)ခုလောက်ပဲ ကုန်ထုတ်လုပ်ငန်းကို ဆောင်ရွက်နိုင်ပြီးတော့ ကျန်တဲ့ ကုမ္ပဏီ တွေကတော့ ဝန်ဆောင်မှု လုပ်ငန်းတွေကိုပဲ၊ ဒါမှ မဟုတ်ရင်လည်း Trading ပေါ့။ ကုန်သွယ်ရေး လုပ်ငန်းတွေကိုပဲ ဆောင်ရွက်နေရပါတယ်တဲ့၊ ဒီလိုမျိုး ထုတ်ပြန်ထားတာလည်း ရှိပါတယ်။ အဲဒီတော့ ဒါဟာ ဘာကို ဖော်ပြသလဲဆိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ဒါကြီးက တကယ့်ကို ကြီးမားတဲ့ အဟန့်အတား ဖြစ်နေတယ်ဆိုတာ ပေါ်လွင် ထင်ရှားပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒါကြောင့်မို့လို့ တိကျခိုင်မာတဲ့ Policy တွေ ချမှတ်ပြီးတော့ ဖြေရှင်းဆောင်ရွက် ပေးဖို့ လည်း လိုတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ဒီအခြေအနေတွေကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် လေးလေးနက်နက် မေးမြန်းလိုတဲ့ မေးခွန်းတွေကတော့ (၁) ကတော့ စက်မှုဇုန်တွေမှာ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိဘဲ တစ်ဆင့်ခံ ပြန်လည်ငှားရမ်းနေသူထံက ပိုင်ဆိုင်ခွင့် တွေကို ပြန်လည် သိမ်းယူပြီးတော့ ဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိ ။ (၂) ကတော့ အမှန်တကယ် လုပ်ငန်းဆောင်ရွက် နေတဲ့သူတွေကို သင့်တင့်တဲ့ ဈေးနှုန်းနဲ့ စက်မှုဇုန်မြေကွက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိ။ (၃) မေးခွန်းကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအတွက်လည်း အိမ်နီးချင်းနိုင်ငံတွေနဲ့ တူညီတဲ့ နှုန်းထားနဲ့ စက်မှုဇုန်မြေကွက်များ ငှားရမ်းဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုး တိုးတက်မှုကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။ (၄) အချက်ကတော့ အရေးကြီးပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ မြေဈေးကစားတဲ့သူတွေကို ဖော်ထုတ်ပြီးတော့ ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်တွေ ချမှတ်ပြီးတော့ အရေးယူ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ နဲ့ (၅) အချက်ကတော့ ဒီအချက်တွေကို ခိုင်ခိုင်မာမာ Policy တစ်ရပ် ချမှတ်ပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ မရှိဘူးဆိုရင် ဒါဟာ လူတစ်စု ကောင်းစားရေးကိုသာ ဦးတည်ဆောင်ရွက်ပေးနေတဲ့သဘော သက်ရောက်နေတယ် ဆိုတာကို သိ၊ မသိ အများပြည်သူ အကျိုးငှာအပြုသဘော လေးလေးနက်နက် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးသိန်းအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာ

အပေါင်းနဲ့ ပြည့်ဝပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဦးသိန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်း ဒေသကြီး အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုး ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြည်တွင်း သယံဇာတများ ထိရောက်စွာ အသုံးချရေး၊ တိုးပွားလာသည့် လူဦးရေနှင့်အညီ အလုပ်အကိုင်များ ဖန်တီးနိုင်ရေး နိုင်ငံသားများ၏ စက်မှုအတတ်ပညာများ တိုးတက်အသုံးချနိုင်ရေးအတွက် စီးပွားရေး တိုးတက်ရန် အလားအလာရှိသော ဒေသများမှာ စက်မှုဇုန်များကို ဖော်ထုတ်ခဲ့ရာမှာ ယခုအခါမှာ တည်ဆောက်ပြီးတဲ့ စက်မှုဇုန် (၁၉)ဇုန်နဲ့ တည်ဆောက်ဆဲ စက်မှုဇုန်(၆)ဇုန် ရှိခဲ့ပါတယ်။ ယခုအခါမှာ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရေး၊ စီးပွားရေးများ ပြုပြင်ပြောင်းလဲမှုနဲ့အတူ ပြည်ပရင်းနှီး မြှုပ်နှံသူများအား နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဖော်ထုတ်ထားတဲ့ စက်မှုဇုန် မြေနေရာအချို့မှာ မြေဈေးကြီးမြင့်စွာ ငှားရမ်း လုပ်ကိုင်ဆောင်ရွက်နေရကြောင်း ကျွန်တော်တို့လည်း သိပါတယ်။ အစိုးရအဖွဲ့ကလည်း သိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြချက်တွေကလည်း မှန်ကန်မှုရှိကြောင်း ကျွန်တော် ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ကလည်း SME တွေ ဖွံ့ဖြိုး တိုးတက်ရေးနဲ့ ပတ်သက်ပြီးတော့ SME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ဒုတိယသမ္မတနှင့် ဦးဆောင်ပြီးတော့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ အဖွဲ့ဝင်တွေနဲ့ ဝန်ကြီးများ ပါဝင်ပြီးတော့ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနက ဝန်ကြီးကတော့ အတွင်းရေးမှူးအနေနဲ့ ဆောင်ရွက်ပါတယ်။ အလားတူပဲ အဲဒီပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ အဖွဲ့လေး(၉)ဖွဲ့ ဖွဲ့ပြီးတော့ လုပ်ငန်းတွေကို ကျွန်တော်တို့ ကိုင်တွယ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာဆိုလို့ရှိရင် စက်မှုဇုန်တွေအနေနဲ့ရော စက်မှုဇုန်ခွဲ စုစုပေါင်း (၂၄)ဇုန် ရှိပါတယ်။ မြေကွက်ပေါင်း ဖော်ထုတ်ထားတာ (၁၀၃၀၀) ရှိပါတယ်။ ဖော်ထုတ်ထားတဲ့ မြေကွက်ထဲမှာမှ (၂၃၃၉)ကွက်ကတော့ လုပ်ငန်းလည်း မလုပ်ရသေးဘူး။ စက်ရုံလည်း မရှိပါဘူး။ မြေကွက်လပ်တွေ ရှိနေပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ စာရင်း ကောက်နေပါတယ်။ စာရင်းကောက်ပြီးတော့ တစ်ဦးချင်း၊ တစ်ဦးချင်းကိုလည်း ကျွန်တော်တို့ လိုက်လံ ပြီးတော့၊ စစ်ဆေးပြီးတော့ ကြပ်မတ်ဆောင်ရွက်နေပါတယ်။ တစ်ချို့နေရာတွေမှာဆိုလို့ရှိရင် မြေကွက်လပ်ရှိတဲ့အပြင် မြေကွက်လပ်ထဲမှာပဲ စက်ရုံမရှိဘဲနဲ့ ဂိုဒေါင်တွေနဲ့ထားနေတဲ့ နေရာတွေလည်း ကျွန်တော်တို့ တွေ့နေပါတယ်။

ဒါတွေဟာ ဆင်းရဲနွမ်းပါးမှု လျော့နည်းရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက် အဟန့်အတားတွေ ဖြစ်နေတဲ့အတွက်ကြောင့် ဒါတွေ ကိုလည်း ဒုတိယသမ္မတကြီးကိုယ်တိုင် ရန်ကုန်တိုင်းကို အကြိမ်ကြိမ် သွားရောက် စစ်ဆေး ပြီးတော့ ကျွန်တော်တို့ အစည်းအဝေးများ လုပ်ကိုင်ပါတယ်။ ဒီလိုစည်းကမ်းနဲ့ မညီညွတ်တဲ့ မြေလွတ်၊ မြေကွက်လပ်တွေကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးထားပြီးတော့ သက်ဆိုင်ရာ တိုင်းအဆင့်မှာရှိသော ဦးစီးမှူးများ၊ အဖွဲ့ဝင်များ ပါဝင်ပြီးတော့ စီမံခန့်ခွဲရေး ကော်မတီ တစ်ရပ်ကိုလည်း ကျွန်တော်တို့ ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရေးအတွက် အကောင်အထည်ဖော်တဲ့ကာလကိုလည်းညှိနှိုင်း သတ်မှတ်ပြီးတော့ သက်ဆိုင်ရာ လုပ်ငန်းရှင်များကို မြေကွက်လပ် လွတ်နေတဲ့နေရာတွေကို ခေါ်ယူ တွေ့ဆုံညှိနှိုင်းပြီး ဒီလုပ်ငန်းတွေမှာ လုပ်ငန်းမည်ကဲ့သို့ ဆောင်ရွက်မည်၊ ဆောင်ရွက်မည့် လုပ်ငန်း ပမာဏ ဘယ်လိုအခြေအနေရှိလဲ၊ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ Project Proposal တွေ တင်ခိုင်းပါတယ်။

အလားတူပဲ ငွေရေးကြေးရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ financial proposal တွေလည်း ကျွန်တော်တို့ စိစစ်ပြီးတော့ ဆောင်ရွက်တင်ခိုင်းနေပါတယ်။ ဒီလိုအဆိုပြုချက် တွေနဲ့ စီမံကိန်းကာလကို ဒီစီမံခန့်ခွဲရေးကော်မတီကနေပြီးတော့ ဆက်လက်ပြီးတော့ အတည်ပြုပြီး တော့ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိကိုလည်း ကြီးကြပ်ပြီးတော့ စစ်ဆေး နေပါတယ်။ အကယ်၍ လုပ်ငန်းအဆိုပြုချက်အတိုင်း တင်ပြခြင်းမရှိတဲ့ မြေကွက်လပ်တွေ ဆိုလို့ ရှိရင်တော့ နိုင်ငံတော်ကိုပြန်လည် အပ်နှံစေခြင်း၊ အဆိုပြုတဲ့စီမံကိန်းကာလတွေကိုလည်း ပြီးစီးအောင် မဆောင်ရွက်နိုင်တဲ့ မြေကွက်လပ်များ ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ဒဏ်ကြေးများ ပေးသွင်းစေခြင်း အထိ ကျွန်တော်တို့စီစဥ် ဆောင်ရွက်နေပါတယ်။

အလားတူပဲ အလျဉ်းသင့်လို့ တင်ပြရရင် ရန်ကုန်တိုင်းအနေနဲ့ ဒဂုံအရှေ့ပိုင်း စက်မှုဇုန်(၁) တိုးချဲ့ နေရာမှာလည်း (၂၉)ကွက်ကို ကျွန်တော်တို့ လေလံတင်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါတွေ ကလည်း တကယ်လုပ်မယ့်သူတွေကိုပဲ ကျွန်တော်တို့ ခေါ်ယူပြီးတော့ တွေ့ဆုံပြီးတော့ ကျွန်တော်တို့ တင်ဒါခေါ်တဲ့အတွက်ကြောင့် မြေဈေးတွေဟာ အင်မတန်ကျသွားတာ တွေ့ရပါတယ်။ တင်ဒါ ခေါ်စဥ် ကာလတုန်းကတော့ လျှောက်လွှာပေါင်း မြောက်မြားစွာတင်ပါတယ်။ သို့သော် ဒါနဲ့ ပတ်သက်ပြီးတော့ ဒုတိယသမ္မတကြီး ဦးစီးပြီးတော့ ရန်ကုန်တိုင်းအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတဲ့အခါမှာ ဒီမြေကွက်တွေဟာ တကယ်အလုပ်လုပ်ဖို့လိုတယ်။ စက်ရုံ၊ အလုပ်ရုံတွေ ပေါ်လာဖို့လိုတယ်။

ဒါကြောင့် Project Proposal တွေ၊ financial proposal တွေ တင်ပါ။ ဒီလို တင်နိုင်တဲ့လူကိုပဲ ဒီမြေကွက်ကို ချထားပေးမယ်လို့ ကျွန်တော်တို့အကြောင်းကြားတဲ့အတွက်ကြောင့် ပြန်ပြီးတော့ တင်ဒါခေါ်တဲ့အခါမှာ ကျွန်တော်တို့ တကယ် စိစိစစ်စစ်နဲ့ လုပ်လိုက်တဲ့အခါမှာ တကယ်လုပ်မယ့် သူတွေပဲ ပေါ်ပေါက်လာတာ တွေ့ရပါတယ်။ ဒီလိုပေါ်ပေါက်လာတဲ့အတွက် ကြောင့်လည်း မြေဈေးတွေဟာလည်း အများကြီး ကျသွားကြောင်း ကျွန်တော်တို့ တွေ့ရပါတယ်။ အလားတူပါပဲ အခုလက်ရှိ အနေအထားအရ ရန်ကုန်အရှေ့ပိုင်း ဒဂုံဆိပ်ကမ်းမြို့နယ် ကျိုစုစက်မှုဇုန် ကိုလည်း ကျွန်တော်တို့ ထပ်မံပြီးတိုးချဲ့ပြီး တည်ဆောက်နေပါတယ်။ ဒီနေရာမှာလည်း မြေကွက် စုစုပေါင်းက (၁၀၉.၁၁) ဧက ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စိမ်းလန်းမြေ၊ အရန်မြေ၊ ဝန်ဆောင်မှု မြေ (၁၆.၂၅) ဧက ဒီလိုချန်လှပ်ပြီးတော့ ကျန်တဲ့ မြေကွက်တွေကိုလည်း ကျွန်တော်တို့ စောစောက တင်ပြသလိုပဲ Project Proposal တွေ၊ financial proposal တွေ တင်ခိုင်းပြီးတော့ တကယ် လုပ်နိုင်တဲ့လူတွေကို ဒီလိုဆောင်ရွက်နေပါတယ်။

ဟိုယခင်ကတော့ မြေတွေကို ဒီလိုပဲ ချထားပေးခဲ့ပါတယ်။ စောစောက ကိုယ်စားလှယ်ကြီး ပြောသလိုပါပဲ မှန်ပါတယ်။ ချထားပေးခဲ့ပါတယ်။ ဒီနေ့ ဒီအချိန်အခါမှာ ဒီမြေကွက်လွတ်တွေနဲ့ ပတ်သက်ပြီးတော့ ဒါတွေကို ကိုင်တွယ်တဲ့အခါမှာ အင်မတန် ခက်ခဲပြီးတော့ ကိုင်တွယ်ပြီးတော့

ဆောင်ရွက်နေရတဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ အဖွဲ့နဲ့စစ်ဆေး ကြပ်မတ်ပြီးတော့ ဒီမြေကွက်လွတ်တွေကို တကယ်အလုပ်လုပ်တဲ့သူတွေ လက်ထဲရောက်အောင် ဆောင်ရွက်ဖို့ အကယ်၍ ဆက်လက်ပြီးတော့ မဆောင်ရွက်နိုင်ရင်လည်း နိုင်ငံတော်ကို ပြန်လည်အပ်နှံဖို့၊ ဆောင်ရွက်မယ်ဆိုပြီးတော့ အဆိုပြုထားပေမယ့်လည်း ကာလပြီးစီးအောင် မဆောင်ရွက်နိုင်လို့ရှိရင်လည်း ကျွန်တော်တို့ ဒဏ်ကြေးပေးပြီးတော့ ဆောင်ရွက်သည်အထိ ကျွန်တော်တို့ စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော်တင်ပြလိုပါတယ်။

ဒီအပြင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်တဲ့နေရာမှာ မြေဈေး ကြီးမြင့်မှုကိုရှောင်လွှဲနိုင်ရန်အတွက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီရဲ့ ကြီးကြပ်မှုဖြင့် မြေဈေး ကြီးမြင့်မှု ဖြစ်ပေါ်နေတဲ့ စက်မှုဇုန်တွေမှာ Factory Apartment တွေကို ဆောက်လုပ်ဖော်ထုတ်ပြီးတော့ နေရာတွေ ငှားရမ်းပေးသွားနိုင်ရေးအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်လျက်ရှိပါကြောင်းလည်း ကျွန်တော် တင်ပြလိုပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ တည်ထောင်ပြီး၊ တည်ထောင်ဆဲ စက်မှုဇုန်မြေကွက်များရဲ့ အနေအထားများ ရန်ကုန်တိုင်းဒေသကြီးမှ လွဲ၍ ကျန်တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ သက်ဆိုင်ရာ စက်မှုဇုန်များမှာ မြေဈေးတွေနဲ့ သင့်တင့်သော ဈေးနှုန်းများ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများမှ လုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက်လည်း စီစဉ်လျက်ရှိပါသောကြောင့် စိတ်ပါဝင်စားသော ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ဆက်သွယ် ဆောင်ရွက်ရန် လိုအပ်ပါကြောင်းလည်း တင်ပြလိုပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ စက်မှုဇုန်များအနက် ရန်ကုန်တိုင်းဒေသကြီးနှင့် အနီးဆုံးရှိတဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှာလည်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစီအစဉ်နဲ့ ပြည်တွင်းစက်မှုမြေများကို ဖော်ထုတ်ပြီးတော့ ဒေသဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်တဲ့နေရာမှာ ပြည်ပလုပ်ငန်းရှင်များအား သင့်တင့်သောဈေးနှုန်းဖြင့် ကျွန်တော်တို့ ဆောင်ရွက်ပေးနေတဲ့အတွက်ကြောင့် ပြည်ပလုပ်ငန်းရှင်များအနေနဲ့လည်း သက်ဆိုင်ရာ ပဲခူးတိုင်းဒေသကြီးနဲ့လည်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်လုပ်ကိုင်နိုင်ပါကြောင်း တင်ပြလိုပါတယ်။

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်မှာ တည်ထောင်လျက်ရှိတဲ့ စက်မှုဇုန်မှာလည်း စက်မှုဇုန်အပိုင်း (၁)၊ စက်မှုဇုန်အပိုင်း(၂)၊ စက်မှုဇုန်အပိုင်း(၃)၊ စက်မှုဇုန်အပိုင်း(၄) ဆိုပြီးတော့ ခွဲခြားပြီးတော့ သတ်မှတ် ပြီးတော့ ဖော်ထုတ်လျက် ရှိတဲ့အတွက်ကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက်လည်း စက်မှုဇုန်အပိုင်း(၁)ကို သတ်မှတ် ဖော်ထုတ်ထားပါတယ်။ အလားတူပဲ အပိုင်း(၁)မှာလည်း ထိုင်း၊ တရုတ်၊ ဂျပန် စတဲ့ နိုင်ငံများမှလည်း လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားကြောင်းလည်း ကျွန်တော်တို့ သိနေရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန်များမှာ မြေနေရာ ဈေးကြီးမှုမှာ အခိုက်အတန့်အားဖြင့် ဖြစ်ပေါ်နေသော်လည်း အိမ်၊ ခြံ၊ မြေ ဝယ်ယူရမှုများ ကျသင့်အခွန် ပေးဆောင်ရေးကိုလည်း ပြည်တွင်းဌာနအခွန်များဦးစီးဌာနမှ ဥပဒေနဲ့အညီ ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့် အခွန်စနစ်ဖြင့် မြေဈေးကြီးမြင့်မှုကို စည်းကြပ်ထိန်းကျောင်း ဆောင်ရွက်နေပြီဖြစ်တဲ့

အတွက်ကြောင့် မကြာမီမှာ မြေဈေးများလည်း လျော့ကျသွားမည်လို့ ကျွန်တော်တို့ ခန့်မှန်းရပါကြောင်း တင်ပြလိုပါတယ်။

စက်မှုဇုန်တစ်ခုတည်ထောင်ရာမှာ ပင်လယ်ရေလမ်းခရီးနဲ့ ဆိပ်ကမ်းကောင်းများတည်ရှိရာ အရေးကြီးတဲ့နေရာ ဖြစ်တဲ့အတွက်ကြောင့်၊ ပင်လယ်ထွက်ပေါက်တွေရှိတဲ့ ရခိုင်ပြည်နယ်မှာလည်း အသင့်ဖော်ထုတ်လျက်ရှိတဲ့ ပုဏ္ဏားကျွန်းစက်မှုဇုန်ဟာလည်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် လိုအပ်ချက်နှင့် ကိုက်ညီတဲ့အတွက်ကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရနဲ့ ကျွန်တော်တို့ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများပဲဖြစ်ဖြစ်၊ ပြည်တွင်းရင်းနှီးမြှုပ်နှံလိုသူများပဲဖြစ်ဖြစ် ဆက်သွယ်လုပ်ကိုင်ကြမယ်ဆိုလို့ရှိရင်တော့ အလွန်သက်သာသော မြေငှားရမ်းခနှုန်းထားများနဲ့ လုပ်ကိုင် ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြည့်ပြည့် စုံစုံ ရှင်းလင်း ဖြေကြားသွားတဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီမေးခွန်းတွေဟာ လွှတ်တော်ရုံးကနေတစ်ဆင့် အစိုးရအဖွဲ့ကို ပေးပို့တင်ပြထားတာဖြစ်ပါတယ်ခင်ဗျာ။ ဒီပေးပို့တင်ပြထားတဲ့အထဲကမှ အချက် နှစ်ချက်၊ ဒုတိယဝန်ကြီး ဖြေကြားသွားတဲ့အထဲမှာ ပါဝင်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ဒါလေးတွေ ပြည့်စုံအောင် ဖြေကြားပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ (၁)အချက်ကတော့ စက်မှုဇုန်တွေမှာ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိဘဲနဲ့ တစ်ဆင့်ခံ ပြန်လည်ငှားရမ်းနေသူတွေ သူတို့ဆီကနေပြီးတော့ ပိုင်ဆိုင်ခွင့်ကို ပြန်လည်သိမ်းယူ ဆောင်ရွက်ပြီးတော့ ဆောင်ရွက်ဖို့ အစီအစဉ် ရှိ/မရှိ ဆိုတာရယ်၊ နောက်တစ်ခါ ကျွန်တော်တို့ မြေဈေးကစားသူများကို ဖော်ထုတ်ပြီး ထိရောက် ဟန့်တားတဲ့ ပြစ်ဒဏ်တွေ ချမှတ်ပြီးတော့ အရေးယူဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ အချက် တစ်ချက်ကို ဖြေကြားပေးဖို့ မေတ္တာရပ်ခံ ပန်ကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဦးသိန်းအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ ကျွန်တော့်အနေနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ အချက် တင်ပြရမယ်ဆိုရင်တော့ ကျွန်တော်တို့မြေလွတ်နေတဲ့နေရာတွေကို ကျွန်တော်တို့ လိုက်လံပြီးတော့ စာရင်းကောက်ရတာ နည်းနည်းခက်ခဲတဲ့သဘော ရှိပါတယ်။ နည်းနည်းခက်ခဲ့တဲ့သဘော ရှိတဲ့ဟာက သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းနဲ့၊ ရန်ကုန်ဆိုလို့ရှိရင် အိုးအိမ်နဲ့ ဒီလိုရှိပါတယ်။ သူတို့ကနေပြီးတော့ ဟိုးယခင်၊ ယခင်တည်းကိုက ဒီမြေတွေကိုရောင်းခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်း ကတော့ လက်ရှိအနေအထားလိုပေါ့။ Developer မဟုတ်ဘဲနဲ့ ရောင်းခဲ့တာပေါ့။ ရောင်းခဲ့တဲ့အခါကျတော့ လမ်းတွေလည်း မကောင်းဘူး။ မီးလည်း မရှိဘူး၊ မြေကွက်တွေနဲ့ ရောင်းခဲ့တယ်။ မြေဈေးကလည်း အင်မတန်နည်းတယ်။ ရောင်းထားတဲ့မြေတွေမှာလည်း တချို့က မြေက သိမ်းထားတယ် ဆိုသော်ငြားလည်း အမည်မပေါက်သေးတဲ့ ပြည်နယ်/တိုင်းတွေကလည်း ရှိသလိုပဲ ကျွန်တော်တို့ ဂရန်မရတဲ့ ပြည်နယ်/တိုင်းတွေကလည်း ဒီလိုရှိပါတယ်။

ဒါတွေဟာလည်း ကျွန်တော်တို့ ဦးစီးပြီးတော့ အဖွဲ့နဲ့ ကျွန်တော်တို့ အဖွဲ့ (၉)ဖွဲ့ ခွဲပြီးတော့ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းတွေမှာ ဆောင်ရွက်နေပါတယ်။ အစုအဖွဲ့အနေနဲ့ ပြောရင်တော့ SME လုပ်ငန်းများ စတင်ထူထောင်နိုင်ရေး၊ အစုအဖွဲ့ကို ဖွဲ့စည်းတဲ့အခါမှာ ကျွန်တော်သည် အစုအဖွဲ့(၁)ရဲ့ ခေါင်းဆောင်ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့တာဝန်က ဒီ SME လုပ်ငန်းတွေကို လွယ်လင့်တကူ ချောချောမောမော လုပ်နိုင်အောင်၊ နောက် SME အေဂျင်စီတွေ ဖွဲ့စည်းရအောင်၊ SME အေဂျင်စီရုံးတွေ ဖွဲ့ရအောင်၊ One Stop Service Centre တွေ ဖွဲ့နဲ့ လာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့လူတွေကို မြေဈေးနဲ့ ပတ်သက်ပြီးတော့ လွယ်လွယ်ကူကူနဲ့၊ ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူနိုင်ရေးဆိုတဲ့တာဝန်ကို ဒါ ကျွန်တော့်ကို တာဝန်ပေးထားပါတယ်။ ဒီလိုတာဝန်ပေးထားတဲ့အတွက်ကြောင့် ကျွန်တော်က နေပြီးတော့ ဒါ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာထဲကိုက SME အေဂျင်စီအဖွဲ့များကို ပြည်နယ်နဲ့တိုင်းအလိုက် ဝန်ကြီးများ ဦးစီးပြီးတော့ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းမှာရှိတဲ့ ဝန်ကြီးချုပ်များ တာဝန်ပေးတဲ့ ဝန်ကြီးတစ်ပါး ပါတာရှိတယ်။ နှစ်ပါး ပါတာရှိပါတယ်။ အဲဒါနဲ့ ကျွန်တော်တို့ ဖွဲ့စည်းပေးပါတယ်။ အတွင်းရေးမှူးကတော့ စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဌာန၊ တိုင်းဦးစီးမှူးက ပါဝင်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ထို့နည်းလည်းကောင်းပဲ ကျွန်တော်တို့ ဒီစက်မှုဇုန်များနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြေတွေ၊နေရာကို လိုက်ကောက်ပါတယ်။ လိုက်ကောက်တဲ့အခါမှာ ရောင်းချတာတွေကို တစ်ချို့က အဆင့်ဆင့်ရောင်းထားတာလည်း ရှိပါတယ်။ တစ်ချို့က ကိုင်တွယ်ထားတာလည်း ရှိတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းမှာဆိုရင် ကျွန်တော်ကိုယ်တိုင် ဦးစီးပြီးတော့ (၃)ကြိမ်၊ စက်မှုနဲ့လျှပ်စစ် ရန်ကုန်တိုင်းက ဦးဉာဏ်ထွန်းဦး နဲ့ ပူးတွဲပြီးတော့ စက်မှုဇုန်က ကိုယ်စားလှယ်အားလုံးနဲ့ စက်မှုဇုန်တာဝန်ခံတွေနဲ့ ကျွန်တော်တို့ အစည်းအဝေး (၃)ကြိမ်လုပ်ခဲ့ပါတယ်။

ထို့နည်းလည်းကောင်းပဲ ဒုတိယသမ္မတကြီး ဦးစီးပြီးတော့လည်း ရန်ကုန်တိုင်းအစိုးရအဖွဲ့မှာ ကျွန်တော်တို့သက်ဆိုင်ရာဝန်ကြီးများနဲ့ အပါအဝင် ကျွန်တော်တို့ အစည်းအဝေး(၂)ကြိမ်လုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေး(၂)ကြိမ်စလုံးကိုလည်း ကျွန်တော် တက်ရောက်ခဲ့ပါတယ်။

စောစောက ကိုယ်စားလှယ်တော်ကြီး စိုးရိမ်သလိုပဲ မြေဈေးတွေ ကြီးမြင့်နေတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့က ပြတ်ပြတ်သားသား လုပ်ရမယ့် အချိန်ဖြစ်တယ်ဆိုပြီးတော့ ကျွန်တော်တို့လည်း ဒီလိုခံယူပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီမေးခွန်းကလည်း ဒီတစ်ကြိမ်မဟုတ်ပါဘူး။ ပထမတစ်ကြိမ်တုန်းကလည်း အမျိုးသားလွှတ်တော်မှာ မေးလို့ ဖြေကြားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့က ညင်ညင်သာသာနဲ့ကိုင်တွယ်ပြီးတော့ ဆောင်ရွက်နေရတဲ့ အပိုင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က စောစောက ကျွန်တော်တင်ပြသလိုပဲ ဒီမြေတွေက ဘယ်သူပိုင်တာလဲ၊ တစ်ဆင့်ငှားနေတာလား၊ ကျွန်တော်တို့က ပြန်သိမ်းမယ်ဆိုတဲ့အနေအထား အင်မတန်ခက်ခဲပါတယ်။

ဒါကြောင့်ကျွန်တော်တို့က စောစောက ကျွန်တော်တင်ပြသလိုပဲ ဒီမြေကွက်တွေ လွတ်နေလို့ ရှိရင်တော့ မဖြစ်ဘူး။ အလုပ်အကိုင်အခွင့်အလမ်းလည်းမရဘူး။ ဆင်းရဲနွမ်းပါးမှု လျော့နည်းမှုကလည်း ရှိမယ်။ ဒီလိုဆိုရင် ဒီမြေကွက်ကို ကျွန်တော်တို့က အလုပ်လုပ်စေချင်တယ်၊ အလုပ်လုပ်စေချင်တဲ့အတွက်ကြောင့် ကျွန်တော်တို့က အခုနကပြောတဲ့ Project Proposal ဘာလုပ်မှာတုန်း၊ ဘာစက်ရုံလုပ်မှာတုန်း၊

ဘယ်တော့လုပ်မှာတုန်း၊ ဘယ်ငွေနဲ့လုပ်မှာတုန်းဆို စတဲ့ ဒီအချက်အလက်တွေကို သက်ဆိုင်ရာ ကာယကံရှင်တွေကို ခေါ်ပြီးမေးနေပါတယ်။ မေးနေတဲ့အဆင့်ရောက်နေပါပြီ။ မေးပြီးတဲ့အခါမှာ စောစောက ကိုယ်စားလှယ်တော်ကြီးပြောသလိုပဲ မလုပ်နိုင်ဘူးဆိုတဲ့အနေအထားဖြစ်ရင်တော့ ကျွန်တော်တို့ နဂိုမူလက မြေပေးစဉ်ကာလက ချုပ်ဆိုထားသော စာချုပ်များအတိုင်း ဆက်လက်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လိုအပ်သလိုလည်း ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ ဒါ ပြန်သိမ်းတာပဲဖြစ်ဖြစ် ဒီလိုပဲ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မြေဈေးကစားတဲ့ ကိစ္စတွေကလည်း ကျွန်တော်တို့သာ စောစောက ကျွန်တော်တင်ပြသလိုပါပဲ၊ ရန်ကုန် အရှေ့ပိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ မြေကွက် (၂၉)ကွက်၊ နောက် ကျိုစုမှာရှိတဲ့ လုပ်ငန်းတွေ တကယ် လုပ်တဲ့သူတွေကို ကျွန်တော်တို့က တကယ်ချပေးတဲ့အခါမှာ မြေဈေးက အင်မတန်ကျသွားတာကို တွေ့ရပါတယ်။

ထိုနည်းလည်းကောင်းပဲ သီလဝါအထူးစီးပွားရေးဇုန် ဘေးနားမှာလည်း သီလဝါအတွက် မြေတွေကို ချပေးတာနဲ့တစ်ပြိုင်နက် အနီးအနားက မြေဈေးတွေက ကျလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော် အစိုးရအဖွဲ့အနေနဲ့ကရော၊ ကျွန်တော်တို့ ဒုတိယသမ္မတဦးစီးတဲ့အဖွဲ့ကရော ဒီမြေတွေနဲ့ ပတ်သက်ပြီးတော့ အထူးသဖြင့် ရန်ကုန်တိုင်းအနေနဲ့ မြေဈေးတွေ အင်မတန် ကြီးနေတာ တွေကို ကျွန်တော်တို့ လျှော့နည်းအောင် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိ နေပါတယ်ဆိုတဲ့ အကြောင်း ပြန်လည်ပြီးတော့ ရှင်းလင်း ဖြေကြားလိုပါတယ်။

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော တောင်သူ လယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် တပ်မတော်သားအမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ဦးလွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန် ပေးအပ်ချက်အရ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီ ကိုယ်စား ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို<br>ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁) ၁ /၂၀၁၄ - ၄၆၉<br>ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

၁။ ပြည်သူ့လွှတ်တော်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂ - ၁၀ -၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၁၀ - ၁၀ - ၂၀၁၄ ရက်နေ့ တွင် ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး နှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါ အတိုင်းတွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတက ၈ - ၁၀ -၂၀၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးထုတ်ပြန်ကြေညာခဲ့သော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုပြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကရေးဆွဲပြီး ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ဤဥပဒေကြမ်းတွင် အပိုဒ် ၂ ပိုဒ်ပါရှိရာ အပိုဒ် ၁ သည် ဥပဒေ၏အမည်ကို ပြဋ္ဌာန်းဖော်ပြ ထားခြင်းဖြစ်ပြီး အပိုဒ် ၂ သည် မူလ ဥပဒေ ပုဒ်မ ၄ ပါ ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းကို အစားထိုးပြင်ဆင်ထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မူလဥပဒေတွင် ဦးဆောင်အဖွဲ့ကိုပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့မှ ဦးဆောင်ရမည်ဟု ဖော်ပြထားပါသည်။ ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကို ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန်၊ ဦးဆောင်အဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်တို့အတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတ တစ်ဦး ဦးဆောင်စေပြီး သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းနိုင်ရန် ပြင်ဆင်အစားထိုးထားခြင်း ဖြစ်သဖြင့် ပိုမို သင့်လျော်မှုရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ထောက်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မရှိ အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၀-၁၀-၂၀၁၄ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အားလုံးကို ကျွန်တော်လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား တိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအပေါ်

စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁ / အမ(ကော်မတီ-၁)၁/၂၀၁၄ - ၄၇၀
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

၁။ ပြည်သူ့လွှတ်တော်က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေး နိုင်ရန်အတွက် ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ယင်းဥပဒေကြမ်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ တိုင်းရင်းသားရေးရာဝန်ကြီး(၁၆)ဦးနှင့် ၁၀-၉-၂၀၁၄ ရက်နေ့တွင် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက် အရတော့ အပြည့်အစုံ ဖိတ်ပါတယ်။ တက်ရောက်နိုင်ခြင်း မရှိတဲ့ ပုဂ္ဂိုလ်များအကြောင်းလည်း ဆက်လက်တင်ပြမှာဖြစ်ပါတယ်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ခြင်းမရှိသည့် ကျန်တိုင်းရင်းသားရေးရာလူမျိုး ဝန်ကြီး (၁၃)ဦးကလည်း လုပ်ငန်းကိစ္စများနှင့် တိုက်ဆိုင်နေသောကြောင့် အဆိုပါဆွေးနွေးပွဲသို့ မတက်ရောက် နိုင်ခဲ့သော်လည်း တိုင်းရင်းသားရေးရာဝန်ကြီး အားလုံးက စုပေါင်းတင်ပြခဲ့သည့်အချက်များမှာ ယခင်ကတည်းကပင် ပါဝင်ဆွေးနွေးခဲ့သည်ဖြစ်သည့်အတွက် တစ်စုံတစ်ရာကန့်ကွက်ရန် မရှိပါကြောင်း အကြောင်းကြားစာများကိုလည်း အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၂(က)တွင် ဖော်ပြထားသော စကားရပ်အစား ပိုမိုပြည့်စုံသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ် အဖြစ် တိုင်းရင်းသား လူမျိုးများဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ရရှိထားသောလူမျိုးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ရရှိထားသော လူမျိုးများ၊ သီးခြားဘာသာစကား၊ သီးခြားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ရှိသည့် လူမျိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများမပါဝင် ဆိုသည့် စကားရပ် ကို ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ်၂(က)၏နောက်တွင် အပိုဒ်၂(ခ)အဖြစ် အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

ပြည်ထောင်စုအစိုးရ အဖွဲ့ကိုဆိုသည် ဟု အသစ်ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ်၂ (ဂ)ကို အပိုဒ်၂ (ဃ) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး အပိုဒ်၂ (ဃ)၏အောက်တွင် အပိုဒ်၂ (င)၊ (စ)၊ (ဆ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂။ (င)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနကို ဆိုလိုသည်။

(စ)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(ဆ)တိုင်းရင်းသားရေးရာ ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဥ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခွင့်အရေး များရရှိရေးတို့ အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ် များကို ဆိုသည်။

(ဂ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်းတွင်ဖော်ပြထားသော တိုင်းရင်းသားလူမျိုးများရေးရာ ဆိုသည့်စကားရပ်ကို အရေးအသားမှန်ကန်မှု ရှိစေရန် အတွက် တိုင်းရင်းသားလူမျိုးရေးရာ ဆိုသည့်စကားရပ်ဖြင့် ဥပဒေကြမ်းတစ်ခုလုံး တွင် ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော် က အတည်ပြုသည့် ဥပဒေကြမ်းတွင် အရေးအသားကျစ်လျစ်မှုရှိစေရန်နှင့် ပိုမို ပြည့်စုံမှုရှိစေရန်တို့အတွက် အပိုဒ် ၃(က)တွင် ဖော်ပြထားသော တိုင်းရင်းသား လူမျိုးအားလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ နိုင်ငံသားအခွင့်အရေးများ တန်းတူညီမျှမှုရရှိစေရန် ဆိုသည့်စကားရပ်ကို ပိုမိုပြည့်စုံမှုရှိ စေရန်အတွက် တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသား အခွင့်အရေးများ ရရှိစေရန်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်၃(ခ)တွင် ဖော်ပြထားသော တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ဆိုသည့်စကားရပ်ကို တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် အခြေခံ၍ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃(ဂ) တွင် ဖော်ပြထားသော တိုင်းရင်းသား လူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဥ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် အမျိုးသားရေးလက္ခဏာတို့ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ဆိုသည့် စကားရပ်ကို တိုင်းရင်းသားလူမျိုး များ၏ စကား၊ စာပေ၊ အနုပညာ၊ ယဥ်ကျေးမှု၊ ဓလေ့ ထုံးတမ်း၊ အမျိုးသားရေး လက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်

ရန် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၄(င) ၏အောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၂ နှင့်အညီ အပိုဒ် ၄(စ)အဖြစ် အလုပ်ခန့်ထားမှုအပိုင်းတွင် ဝန်ထမ်းအကြီးအကဲနှင့် အခြားဝန်ထမ်းများခန့်ထားရာ၌ သတ်မှတ်အရည်အချင်း ပြည့်မီပါက တိုင်းရင်းသားများ ပါဝင်ဆောင်ရွက်ပိုင်ခွင့်ရှိသည် ဟုလည်းကောင်း၊ အပိုဒ် ၄(ဇ)ကို အပိုဒ် ၄(ဈ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်၄(ဈ)၏အောက်တွင် အပိုဒ်ခွဲ(ည)နှင့် (ဋ)အဖြစ်လည်းကောင်း၊ အပိုဒ် ၄ ၏အောက်တွင် အပိုဒ် ၅ အဖြစ်လည်းကောင်း၊ တိုင်းရင်းသားတို့၏ အခွင့်အရေးများတိုးတက်ရရှိစေရန်နှင့် မိမိဒေသအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အောက်ပါအတိုင်း အသီးသီး ဖြည့်စွက် သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည် -

၄။ (ည) ပုဒ်မခွဲ(ဈ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် ကိုယ်စားလှယ်ပါဝင် ခွင့်ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

(ဋ) မိမိတို့ တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ဖော်ထုတ်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့်ရှိရမည်။

၅။ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်း ကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ ဌာနေ တိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြ အသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈(က)ကို အပိုဒ် ၉(က) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော ဤဥပဒေ၏ ရည်ရွယ်ချက် ပါကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆိုသည့် စကားရပ်ကို ဥပဒေရေးထုံးညီညွတ်မှုရှိစေရန်အတွက် ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆိုသည့်စကားဖြင့် လည်းကောင်း၊ ဥပဒေကြမ်းအပိုဒ် ၈ (ဂ)ကို အပိုဒ် ၉(ဂ) အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော တိုင်းရင်းသား များ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်း၊ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ကို ပိုမိုပြည့်စုံမှုရှိစေရန်အတွက် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့်

ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းနှင့် ရှေ့ဟောင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၈(င)ကို အပိုဒ် ၉(င)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ၉ (င)၏အောက်တွင် ၉(စ) နှင့် (ဆ)ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည် -

၉။ (စ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးထမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၈(စ)ကို အပိုဒ် ၉(ဇ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော တိုင်းရင်းသား မျိုးနွယ်စုများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့်ဆိုသည့်စကားရပ်ကို တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်း အပိုဒ် ၈(ဇ) ကို အပိုဒ်၉(ည) အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော ကွယ်ပျောက်လုနီးပါး ဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု နှင့် ဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း ဆိုသည့်စကားကို ကွယ်ပျောက်လုနီးပါး ဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်း အပိုဒ် ၈(ဈ)ကို အပိုဒ် ၉(ဋ) အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော ဤဥပဒေပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ကို ဤဥပဒေပါကိစ္စရပ်များ နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၀ ကို အပိုဒ် ၁၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ၁၁ ၏အောက်တွင် အပိုဒ် ၁၂ နှင့် အပိုဒ် ၁၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် ယင်း၏လက်အောက်တွင် လိုအပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ထမ်းအဖွဲ့အစည်း အသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာတိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်း ရေးဆွဲရမည်။

(ဇ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၄ ကို အပိုဒ် ၁၇ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသောကိစ္စမှာ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ပေးရမည့်ကိစ္စ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြရမည်။

(ဈ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်းအပိုဒ် ၁၅ နှင့် ၁၇ တို့ကို မလိုအပ်၍ ပယ်ဖျက်ပြီး ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၁၆ ကို အပိုဒ် ၁၈ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော ပုဒ်မ ၁၂ အရ တာဝန်ပေးအပ်ခြင်းခံရသောဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် ဆိုသည့် စကားရပ်ကို ပုဒ်မညွှန်းရာတွင် တိကျစွာ ဖော်ပြနိုင်ရန်အတွက် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ) အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၂၀ ကို အပိုဒ် ၂၁ အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသာ မည်သူမျှ နိုင်ငံရေးကိစ္စအလို့ငှာ ဆိုသည့်စကားရပ်ကို ပိုမိုတိကျမှုရှိစေရန် အတွက် မည်သူမျှ ပါတီနိုင်ငံရေး ကိစ္စအလို့ငှာ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၁ ကို အပိုဒ် ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး မည်သူမျှ တိုင်းရင်းသား လူမျိုးများအချင်းချင်း သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအကြား ခွဲခြားဆက်ဆံခြင်း၊ မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ဆိုသည့် စကားရပ်ကို မည်သူမျှ တိုင်းရင်းသားလူမျိုးများအချင်းချင်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးဖြစ်ပေါ်စေရန်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ည) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ်၂၈ ကို ၂၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ၂၉ ၏ အောက်တွင် အပိုဒ် ၃၀ အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ တိုင်းရင်းသားရေးရာကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် မိမိအစိုးရအဖွဲ့၏ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး အား တာဝန်ပေး ဆောင်ရွက်စေရမည်။ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးအပ်သည့် ဝန်ကြီးအား ဆောင်ရွက်စေရမည် ဟု အသစ် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဍ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇(က)နှင့် ညီညွတ်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်းအပိုဒ် ၃၀ (က)၊ (ခ)၊ (ဂ) ကို ၃၂(က)၊ (ခ)၊ (ဂ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃။ ထို့အပြင် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ၏ အနှစ်သာရကို မပြောင်းလဲစေဘဲ မြန်မာစာသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန် ပြင်ဆင်သင့်သည်များကို ပြင်ဆင်အစားထိုးထားပြီးဖြစ်ပါကြောင်းနှင့် ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း ပြန်လည်စီစဉ်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၇-၁၀-၂၀၁၄ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီ ဆေးကုသ နိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ အသက်ဘေး အန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီ စောင့်ရှောက်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထား တဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့ အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်-

အပိုဒ် ၂(ဂ)

ဆေးရုံ သို့မဟုတ် ဆေးခန်းဆိုသည်မှာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းတစ်ခုခု က ဖွင့်လှစ်သော ဆေးရုံ သို့မဟုတ် ဆေးခန်းကိုလည်းကောင်း၊ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ ဖွင့်လှစ်သောပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းကိုလည်းကောင်းဆိုသည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၂(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄(ဃ)

မှုခင်းနှင့် သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာများနှင့် ပတ်သက်၍ မိမိကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ တာဝန်ရှိသူမှ တစ်ဆင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ရဲစခန်း သို့မဟုတ် ရဲကင်းသို့ သတင်းပေးပို့ အကြောင်းကြားခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၄(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၅(ခ)

၅။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို တွေ့ရှိသူသည် ယင်းလူနာကို အရေးပေါ် ကူညီ စောင့်ရှောက်မှု ပေးနိုင်ခြင်းမရှိလျှင် အောက်ပါအချက် တစ်ရပ်ရပ်ကို ဆောလျင်စွာ ဆောင်ရွက်ရန် တာဝန်ရှိသည် -

( ခ ) အနီးဆုံး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံဖြစ်စေ၊ အနီးဆုံး ရဲစခန်း သို့မဟုတ် ရဲကင်းသို့ ဖြစ်စေ၊ အနီးဆုံး မီးသတ်စခန်းသို့ဖြစ်စေ၊ အရေးပေါ် ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များ သို့ဖြစ်စေ သင့်လျော်သော နည်းလမ်းဖြင့် အကြောင်းကြားခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၆(င)

ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းဖြစ်ပါက မှုခင်းနှင့် သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာ ရရှိသော အရေးပေါ်လူနာကို လိုအပ်သောကုသမှုများ ဆောင်ရွက်ပြီးသည်နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းလက်အောက်ခံ ဆေးရုံသို့ ဆေးမှတ်တမ်း အပြည့်အစုံဖြင့် အချိန်မီ လွှဲပြောင်းပေးခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၁

မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အချိန်မီသယ်ယူပို့ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေရန် တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၉

၁၃။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သူ မည်သူမဆို မိမိ၏ ဆောင်ရွက်မှုအတွက် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ခြင်းကိုလည်းကောင်း၊ မိမိလုပ်ငန်းတာဝန် ပျက်ကွက်မှုအတွက် တာဝန်ချိန် သတ်မှတ်ခံရခြင်း အပါအဝင် အခြားသင့်လျော်သည့် အခွင့်အရေးများကိုလည်းကောင်း ခံစားခွင့်ရှိစေရမည်။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ မိမိလုပ်ငန်း၊ တာဝန်ပျက်ကွက်မှုအတွက် တာဝန်ချိန် သတ်မှတ်ခံရခြင်း အပါအဝင် အခြားသင့်လျော်သည့် အခွင့်အရေးဆိုတာ ဘာကိုဆိုလိုတာလဲ။

အဲဒီတော့ အခြားသင့်လျော်သည့် အခွင့်အရေး၊ အခွင့်အရေးဆိုတာက ဥပမာ - အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ခြင်း၊ ဒါ အခွင့်အရေးပေါ့။ လုပ်ငန်းတာဝန်ပျက်ကွက်မှုအတွက် တာဝန်ချိန် သတ်မှတ်ခံရခြင်း အပါအဝင် အခြားသင့်လျော်သည့် အခွင့်အရေးဆိုတာ၊ ဒါကျတော့ အပိုင်းပေါ့၊ ပိုင်းခြားတာပေါ့ ဟုတ်တယ်မဟုတ်လား။ အဲဒါ အခွင့်အရေးမှ မဟုတ်တာ။

ဒါ အုပ်ချုပ်မှုဆိုင်ရာ အရေးယူတာလေ။ အုပ်ချုပ်မှုဆိုင်ရာ အရေးယူတာပဲ အခွင့်အရေးမှ မဟုတ်တာ၊ သူက ပျက်ကွက်မှုက ခုနလိုပေါ့၊ ဥပဒေကြောင်းအရ အရေးယူလောက်အောင်မရှိလို့ သူ့ကို အုပ်ချုပ်မှုအရ အရေးယူတာ၊ အခွင့်အရေးဆိုတာတော့ အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ခြင်းစသည့် အခွင့်အရေးကိုလည်းကောင်းဆိုရင်တော့ ဒါဟုတ်တယ်လေ၊ ဟုတ်တယ် မဟုတ်လား။ မိမိလုပ်ငန်းတာဝန်ပျက်ကွက်မှုအတွက် တာဝန်ချိန်သတ်မှတ်ခံရခြင်း အပါအဝင် အခြား သင့်လျော်သည့် အရေးယူမှုကို လည်းကောင်း။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဒါကတော့ ခုန ဥပဒေထဲမှာ မပါလည်း ရပါတယ်။ ဌာနအကြီးအကဲရဲ့ သူက ဆင်ခြင်တုံတရားနဲ့ လုပ်ရမယ့်ကိစ္စပဲ၊ ဟုတ်ပြီနော်။

၁၃။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သူ မည်သူမဆို မိမိ၏ ဆောင်ရွက်မှုအတွက် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ခြင်းကိုလည်းကောင်း၊ အခြားသင့်လျော်သည့် အခွင့်အရေးများကိုလည်းကောင်း ခံစားခွင့်ရှိစေရမည်။

၁၅။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီ ဆေးကုသမှုခံယူနိုင်ရန် အနီးဆုံး ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ရာ၌ ကူညီပို့ဆောင်ပေးသူသည် ယာဉ်တစ်ခုခုကို ငှားရမ်း အသုံးပြုရပါက ကျသင့်သော အမှန်ကုန်ကျစရိတ်ကို သက်ဆိုင်ရာရဲစခန်းက ကျခံရမည်ဟု ပြင်ဆင် ထားပါတယ်။

၁၆။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ပုဒ်မ ၆ အရ လိုအပ်သည့် ကုသမှုများ ဆောင်ရွက်ပေးခဲ့သည့် ပုဂ္ဂလိက ဆေးရုံ သို့မဟုတ် ဆေးခန်းသည် ဆေးမှတ်တမ်းပါ ကုသမှုအတွက် ကျသင့်သော ဆေးဝါး၊ ဆေးပစ္စည်းနှင့် နည်းပညာဆိုင်ရာ အမှန်ကုန်ကျစရိတ်ကို သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံနိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

၁၉။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက် သူ မည်သူကိုမျှ ယင်းသို့ ဆောင်ရွက်သည့် အကြောင်းကြောင့် တရားစွဲဆိုခြင်း၊ အရေးယူခြင်း မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၉ ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့်-

ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဃ)၊

အခန်း(၂)၊ အပိုဒ် ၃၊ အပိုဒ် ၄(က)(ခ)(ဂ)၊ အပိုဒ် ၅(က)၊အပိုဒ် ၆(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊

အခန်း(၄)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄ တို့နှင့် ဥပဒေကြမ်းကို ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀ တို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးဖို့ အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်းထားရှိရန် သဘောတူလက်ခံအတည်ပြုထားသဖြင့်လည်းကောင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့် ကျေးလက်ဒေသမကျန် နှစ်စဉ် ဖွံ့ဖြိုး တိုးတက်လာစေရန် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ

အရအသုံးဆိုင်ရာ ခန့်မှန်းခြေ ငွေစာရင်းတို့ကို ရေးဆွဲရာတွင် ပါဝင်လာစေရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

အပိုဒ် ၃

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် ၄ ရှိ မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဆိုသည့် စကားရပ်အား မြို့နယ်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၆)ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဆိုသည့် စကားရပ်အား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

အပိုဒ် ၄

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(စ) ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအဖြစ် လွှဲပြောင်းပေးပို့သောငွေကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်ဘဏ်ခွဲများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစီအစဉ် အောက်၌ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအမည်ဖြင့် ငွေစာရင်းဖွင့်လှစ်ပြီး ငွေထုတ်သူအရာရှိ အဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ဗဟိုကော်မတီသို့ ပေးပို့ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

အပိုဒ် ၅

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၀။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးပြီး စာရင်းစစ် အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုလွှတ်တော်နာယက အကြောင်းကြားပါက ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စာရင်းများကို စစ်ဆေးပြီး စာရင်းစစ် အစီရင်ခံစာကို ပြည်ထောင်စု လွှတ်တော် နာယကထံ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

အပိုဒ် ၆

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေ ပုဒ်မ ၂၀ ပါ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၇)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ လ ၁၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]